ဘာသာစကားပေါင်းများစွာပါဝင်သော အသံဘာသာပြန် Application

# VoiceTra

အခမဲ့ Application

## ပြောလိုက်သောအကြောင်းအရာကို နိုင်ငံခြားဘာသာစကားသို့ ဘာသာပြန်ဆိုမည်။ ကမ္ဘာပေါ်မှ ဘာသာစကား ၃၁ မျိုးဖြင့် ဝန်ဆောင်မှုပေးပါသည်။

အခြားဆိုဒ် ရှိပါသလား။

Shopping သွားရာတွင်

နောက်ရထားက ဘယ်အချိန်ပါလဲ။

ဘူတာရုံတွင်

အာနာဂေါ့ (ငါးနာမည်) ပေးပါ။

ဆူရှီဆိုင်တွင်




ခရီးသွားရာတွင် အလွန်အသုံးဝင်သော စကားပြောများ

Check in က ဘယ်နှစ်နာရီပါလဲ။

ဟိုတယ်တွင်

ကိုယ်နည်းနည်းပူနေပါတယ်။

ဆေးရုံတွင်

http://voicetra.nict.go.jp/

## ကဲ "VoiceTra" ဖြင့် ကမ္ဘာပေါ်မှ လူပေါင်းများစွာနှင့် စကားပြောကြရအောင်

"VoiceTra" သည် စကားပြောလိုက်မည်ဆိုလျှင် နိုင်ငံခြားဘာသာစကားသို့ ဘာသာပြန်ဆိုပေးသော အသုံးပြုရလွယ်ကူသည့် အသံဘာသာပြန် Application ဖြစ်ပါသည်။

ဤ Application သည် သတင်းနှင့်ဆက်သွယ်ရေးသုတေသနအဖွဲ့ (NICT) ၏ သုတေသနရလဒ်ဖြစ်သည့် အသံသဘောပေါက်နားလည်မှု၊ ဘာသာပြန်ဆိုမှု၊ အသံပေါင်းစပ်နည်းပညာတို့ကို အသုံးပြုထားပါသည်။

Download on the App Store

GET IT ON Google Play

ဝန်ဆောင်မှုပေးသော မော်ဒယ်အမျိုးအစား (ဧပြီ ၂၀၁၇ မှ ယခုလက်ရှိ)

iOS 8.0 နှင့် နောက်ပိုင်း။ iPhone ၊ iPad နှင့် iPod touch တို့တွင်လည်း အသုံးပြုနိုင်ပါသည်။

Android OS 4.1 နှင့် နောက်ပိုင်း။

*အထက်ဖော်ပြပါမော်ဒယ်အားလုံးတွင် VoiceTra ကို အံဝင်ခွင်ကျအသုံးပြုနိုင်သည်ဟု အာမမခံပါ။


- Google Play Logo ၊ Google Play ၊ Android သည် Google Inc. ၏ အမှတ်တံဆိပ် သို့မဟုတ် မှတ်ပုံတင်အမှတ်တံဆိပ် ဖြစ်သည်။
- Apple ၊ Apple Logo ၊ iPad ၊ iPhone ၊ iPod Touch သည် အမေရိကန် နှင့် အခြားသောနိုင်ငံတိုင်းတွင် မှတ်ပုံတင်ထားသော Apple Inc. ၏ အမှတ်တံဆိပ် ဖြစ်သည်။ iPhone အမှတ်တံဆိပ်သည် Aiphone Co., Ltd ၏ လိုင်စင်အရ အသုံးပြုလျှက်ရှိပါသည်။ App Store သည် Apple Inc. ၏ Service Mark ဖြစ်ပါသည်။
- VoiceTra သည် NICT ၏ မှတ်ပုံတင်အမှတ်တံဆိပ် ဖြစ်ပါသည်။
- အခြားသောကုန်ပစ္စည်းအမည် စသည်မှာ ကုမ္ပဏီအသီးသီး၏ အမှတ်တံဆိပ် သို့မဟုတ် မှတ်ပုံတင်အမှတ်တံဆိပ် ဖြစ်ပါသည်။

# VoiceTra

VoiceTra သို့ စကားပြောလိုက်ပါ။ VoiceTra သည် ပြောလိုက်သောဘာသာစကားမှ အခြားဘာသာစကားတစ်ခုသို့ ဘာသာပြန်ဆိုပါမည်။ Download နှင့် အသုံးပြုမှု အားလုံးမှာ အခမဲ့ဖြစ်ပါသည်။*

*ဤ Application အသုံးပြုရာတွင် အင်တာနက်ချိတ်ဆက်၍ Data သုံးစွဲမှုကို လိုအပ်မည်ဖြစ်ပါသည်။ ၎င်းအင်တာနက်သုံးစွဲခမှာ သုံးစွဲသူမှ ကုန်ကျခံရမည်ဖြစ်ပါသည်။

## နားလည်လွယ်သော သုံးစွဲနည်း

ရိုးရှင်းပြီး အသုံးပြုရလွယ်ကူပါသည်။
သုံးစွဲနည်းကို ဖော်ပြထားသည့်အတွက် သုံးစွဲသူများ အလွယ်တကူနားလည် အသုံးပြုနိုင်ပါသည်။




## ဘာသာပြန်ဆိုမှုရလဒ် စစ်ဆေးနိုင်ခြင်း

ဘာသာပြန်ဆိုမှုရလဒ်ကို မိခင်ဘာသာစကားသို့ ပြန်လည်ဘာသာပြန်ဆိုဖော်ပြပေးသည့် လုပ်ဆောင်မှုပါဝင်သောကြောင့် ဆိုလိုသည့်အဓိပ္ပါယ် သက်ရောက်မှု ရှိ/မရှိ စစ်ဆေးအတည်ပြုနိုင်ပါသည်။




## ဘာသာပြန်ဆိုပေးနိုင်သော ဘာသာစကား ၃၁ မျိုး

ဘာသာပြန်ဆိုပေးနိုင်သော ဘာသာစကားမှာ ၃၁ မျိုး ဖြစ်ပါသည်။*

*တရုတ်၊ ပေါ်တူဂီဘာသာတို့၏ ဒေသအလိုက်ပြောသောစကားများ ပါဝင်သည်။
**အစမ်းသုံးစွဲမှုတွင်★အမှတ်အသား ပါရှိပါသည်။

🎤 အသံဖြင့်ထည့်သွင်းနိုင်သည့် ဘာသာစကား ၂၂ မျိုး* 🔊 အသံဖြင့်ပြန်လည်ဖြေကြားပေးနိုင်သည့် ဘာသာစကား ၁၆ မျိုး*

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| 🎤 | 🔊 | ဂျပန် | 🎤 | | စပိန် | | | တရုတ် (ထိုင်ဝမ်) | 🎤 | ★🔊 | ပိုလန် |
| 🎤 | 🔊 | အင်္ဂလိပ် | 🎤 | 🔊 | မြန်မာ | | | ဒိန်းမတ် | ★🎤 | ★🔊 | ပေါ်တူဂီ |
| 🎤 | 🔊 | တရုတ် (ပြည်မ) | | | အာရပ် | 🎤 | | ဂျာမန် | 🎤 | 🔊 | ဘရာဇီးပေါ်တူဂီ |
| 🎤 | 🔊 | ကိုရီးယား | | | အီတလီ | ★🎤 | ★🔊 | တူရကီ | ★🎤 | ★🔊 | မလေး |
| 🎤 | 🔊 | ထိုင်း | | | အူရဒူ | 🎤 | | နီပေါ | | ★🔊 | မွန်ဂို |
| 🎤 | | ပြင်သစ် | ★🎤 | | ဟော်လန် | ★🎤 | ★🔊 | ဟန်ဂေရီ | | | လာအို |
| 🎤 | 🔊 | အင်ဒိုနီးရှား | 🎤 | | ကမ္ဘောဒီးယား (ခမာ) | ★🎤 | ★🔊 | ဟင်ဒီ | 🎤 | | ရုရှား |
| 🎤 | 🔊 | ဗီယက်နမ် | | | သီရိလင်္ကာ (ဆင်ဟာလီ) | | | ဖိလစ်ပိုင် | | | |

### ★အစမ်းသုံးစွဲမှုဆိုသည်မှာ

NICT နှင့်အတူ သုတေသနပြုလုပ်နေသော နိုင်ငံခြားသုတေသနအဖွဲ့မှ ဖွံ့ဖြိုးအောင်ဆောင်ရွက်၍ ဆာဗာကို ထိန်းချုပ်နေပါသည်။
ပူးပေါင်းသုတေသန၏ လက်တွေ့လုပ်ဆောင်မှုကိုရည်ရွယ်သော ထိန်းချုပ်မှုဖြစ်သည့်အတွက် ဆက်သွယ်မှုပတ်ဝန်းကျင်နှင့် ဆာဗာပြုပြင်မှုအခြေအနေများကြောင့် ဘာသာပြန်ဆိုမှုတွင် အချိန်နှောင့်နေးခြင်း၊ ကာလရှည်ဝန်ဆောင်မှုရပ်ဆိုင်းခြင်းများ ရှိနိုင်ပါသည်။

### အရေးကြီးသောအချက်

◎ VoiceTra အသုံးပြုရာတွင် အင်တာနက်ချိတ်ဆက်၍ Data သုံးစွဲမှုကို လိုအပ်မည်ဖြစ်ပါသည်။ ၎င်းအင်တာနက်သုံးစွဲခမှာ သုံးစွဲသူမှ ကျခံရမည်ဖြစ်ပါသည်။ Wireless LAN သို့မဟုတ် ကြိုးဖြင့်ချိတ်ဆက် သုံးစွဲမှုများအတွက်လည်း သုံးစွဲနိုင်ပါသည်။ ပြည်ပတွင် Roaming ဖြင့် သုံးစွဲပါက အင်တာနက်သုံးစွဲခမှာ ပိုမိုမြင့်တက်ခြင်းမျိုး ဖြစ်နိုင်ပါသည်။ အထူးသတိပြုပါ။

◎ VoiceTra သို့ ထည့်သွင်းလိုက်သောအသံနှင့်စာသားအပါအဝင် ဘာသာပြန်ဆိုမှုရလဒ်၊ ဖုန်းမော်ဒယ်အမျိုးအစား (ဖုန်း ID)၊ သုံးစွဲသူနှင့် VoiceTra ဆာဗာအကြား ချိတ်ဆက်သုံးစွဲမှုဖြစ်စဉ်များ နှင့် အသုံးပြုသူ၏ တည်နေရာအချက်အလက် (အောက်တွင် သုံးစွဲသူ Data ဟု ဖော်ပြပါမည်။) တို့ကို NICT ၏ ထိန်းချုပ်မှုအောက်တွင်ရှိသော VoiceTra ဆာဗာတွင် မှတ်တမ်းတင်ထားမည်ဖြစ်ပါသည်။ အစမ်းသုံးစွဲမှုများအတွက် ဘာသာပြန်ဆိုခြင်းပြုလုပ်ပေးနိုင်ရန် ထည့်သွင်းလိုက်သောအသံ၊ စာသား နှင့် ဘာသာပြန်ဆိုမှုရလဒ်များကို နိုင်ငံခြားရှိသုတေသနအဖွဲ့မှ တာဝန်ရှိသူထံသို့ ပေးပို့ပါသည်။ NICT သည် သုံးစွဲသူ Data များကို အသံဘာသာပြန်ဆိုမှု ပိုမိုတိုးတက်ကောင်းမွန်လာစေရန်ရည်ရွယ်ချက်ဖြင့် သုံးစွဲသွားမည်ဖြစ်ပါသည်။ သို့ဖြစ်၍ အသုံးပြုသူများအနေဖြင့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ကိုယ်ရေးကိုယ်တာနှင့်ဆိုင်သော သတင်းအချက်အလက်များ၊ အဖွဲ့အစည်းတစ်ခုနှင့်ဆိုင်သော သတင်းအချက်အလက်များ၊ စီးပွားရေးအရလျှို့ဝှက်ထားရမည့် သတင်းအချက်အလက်များ နှင့် လူထုသို့မဖော်ပြလိုသော အကြောင်းအရာအချက်အလက်များကို VoiceTra သို့ ထည့်သွင်းရေးသားခြင်းမပြုပါရန်။

◎ VoiceTra သုံးစွဲမှုစည်းမျဉ်းတွင် သတ်မှတ်ထားသည်ဖြစ်စေ၊ သတ်မှတ်မထားသည်ဖြစ်စေ VoiceTra သုံးစွဲခြင်းဖြင့် တစ်စုံတစ်ရာ ထိခိုက်နစ်နာမှုဖြစ်ပွားခဲ့ပါက NICT မှ လုံးဝတာဝန်ယူမည်မဟုတ်ပါ။ NICT သည် ဂျပန်နှင့် နိုင်ငံအသီးသီး၊ ဒေသအသီးသီးတွင် VoiceTra သုံးစွဲမှုမှာ တရားဝင်ဖြစ်သည်ဟု အာမခံချက်မပေးပါ။

◎ ပြင်ဆင်မှု စသည်တို့အတွက် ကြိုတင်အကြောင်းကြားခြင်းမရှိဘဲ ဝန်ဆောင်မှုရပ်ဆိုင်းခြင်းများ ရှိနိုင်ပါသည်။

◎ VoiceTra ကို အထူးသဖြင့် VoiceTra ၏ စွမ်းဆောင်ရည်ကို အကဲဖြတ်ရန်၊ VoiceTra ၏ အသုံးဝင်မှုကို စစ်တမ်းကောက်ယူရန်၊ VoiceTra ၏ မှန်ကန်နိုင်မာမှုကို သက်သေပြရန် အစရှိသည့် သရုပ်ပြစမ်းသပ်မှုများ လုပ်ဆောင်သွားရန်ရည်ရွယ်ချက်ဖြင့် အများပြည်သူသို့ သုံးစွဲစေခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဝန်ဆောင်မှုကာလကို အတိအကျသတ်မှတ်ထားခြင်းမရှိသည့်အပြင် ကြိုတင်အကြောင်းကြားခြင်းမရှိဘဲ ဝန်ဆောင်မှုရပ်ဆိုင်းခြင်းများ ရှိနိုင်ပါသည်။

◎ VoiceTra ကို စီးပွားရေးအတွက် အသုံးချမှု၊ တစ်ဦးချင်းသုံးစွဲမှုဘောင်ကိုကျော်လွန်သည့် သုံးစွဲမှု စသည်တို့အတွက် ရည်ရွယ်စဉ်းစားထားခြင်းမဟုတ်ပါ။ နည်းပညာအား စီးပွားရေးအရ သုံးစွဲမှုများနှင့်ပတ်သက်သော တိုင်ပင်ဆွေးနွေးမှုများအတွက် NICT သို့ ဆက်သွယ်နိုင်ပါသည်။

### Application ရယူခြင်းနည်းလမ်း

App Store သို့မဟုတ် Google Play တွင် VoiceTra ဟု ရှာဖွေပါ။
သို့သော် Download နှင့် Install အတွက် App Store တွင် Apple ID ၊ Google Play တွင် Google Account တို့ လိုအပ်မည်ဖြစ်ပါသည်။

### ဆက်သွယ်ရန်

VoiceTra Support Team voicetra-support@khn.nict.go.jp
3-5 Hikaridai, Seika-cho, Soraku-gun, Kyoto 619-0289, Japan
National Institute of Information and Communications Technology
Advanced Speech Translation Research and Development Promotion Center

20170701

# Android OS VoiceTra Application တွင် မြန်မာစာကို Unicode မှ Zawgyi-One သို့ ပြောင်းလဲအသုံးပြုနိုင်ပါပြီ။

## မြန်မာစာအသုံးပြုရန် ဖောင့်ပြောင်းလဲနည်း



VoiceTra Application window ရဲ့ ညာဘက်အထက်ထောင့်မှာရှိတဲ့ ကိုနှိပ်၍ [Settings] ကို ရွေးလိုက်ပါ။
Settings window ပေါ်လာလျှင် ဘာသာစကား ရွေးချယ်ရန် [Language Settings]တွင် Unicode မှ Zawgyi-One သို့ ပြောင်းလဲနိုင်သည့် ဖွင့်၊ပိတ် ခလုတ်ကို အသုံးပြုပါ။




မိမိထည့်သွင်းလိုသည့် မူလဘာသာစကား [You] သို့မဟုတ် ဘာသာပြန်ဆိုပေးမည့် ဘာသာစကား [The other person] တစ်ခုခုတွင် မြန်မာဘာသာစကားကို ရွေးချယ်ထားမှသာ ဖောင့်ပြောင်းလဲနိုင်သည့်ခလုတ်ကို အသုံးပြုနိုင်မည် ဖြစ်ပါသည်။
၎င်းနေရာနှစ်ခုစလုံးတွင် မြန်မာဘာသာစကား မဟုတ်သည့် အခြားဘာသာစကားကို ရွေးချယ်ထားပါက အသုံးပြုနိုင်မည်မဟုတ်ပါ။

ဖောင့်ပြောင်းလဲရန် ဖွင့်၊ပိတ် ခလုတ်

## စာသားကိုမိတ္တူကူးယူခြင်း

Zawgyi-One ဖောင့်အသုံးပြုရန် [ဖွင့်] အနေအထားတွင် စာသားများကို မိတ္တူကူးယူ ပြန်လည်အသုံးပြုခြင်းကိုလည်း ဇော်ဂျီဖောင့်ဖြင့် ပြုလုပ်နိုင်ပါသည်။ [ပိတ်] အနေအထားတွင်မှ Unicode ကိုသာအသုံးပြုနိုင်ပါမည်။

## ကန့်သတ်ချက်

- မိမိအသုံးပြုသည့် ဖုန်းစံနစ်နှင့်ကိုက်ညီသော Zawgyi-One ဖောင့်ကို ထည့်သွင်းထားခြင်း မရှိပါက ဖောင့်ပြောင်းလဲအသုံးပြုရန်ခလုတ်ကို ဖွင့်ထားသော်လည်း စာသားများကို မှန်ကန်စွာ မြင်ရမည်မဟုတ်ပါ။
- ထည့်သွင်းထားသောဖောင့် မှန်ကန်မှုမရှိပါက အလိုအလျောက်ဖော်ပြသည့် စာသားနေရာတွင်လည်း မှန်ကန်သောစာသားကို မဖော်ပြနိုင်ပါ။
- Android OS 4.3 နှင့်အောက်စံနစ်များတွင် မြန်မာဘာသာစကားအသုံးမပြုနိုင်သည့် ကန့်သတ်ချက်ကြောင့် ဇော်ဂျီဖောင့်ကို အသုံးပြုရာတွင် စာသားများမှန်ကန်မှုမရှိခြင်းကို ကြုံတွေ့ရနိုင်ပါသည်။
- ယခုဖော်ပြပါ အချက်အလက်များသည် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့အထိ ထုတ်ပြန်ချက်ဖြစ်ပါသည်။ နောက်ဆုံးရ သတင်းအချက်အလက်များကို သိရှိနိုင်ရန် VoiceTra Support Page (http://voicetra.nict.go.jp/)တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

[သတိပြုရန်] မိမိအသုံးပြုသည့်ဖုန်းစံနစ်နှင့် မကိုက်ညီသော ဖောင့်၊ ကီးဘုတ်စသည်ကို အသုံးပြုပါက မှန်ကန်စွာထည့်သွင်းထားခြင်းမရှိသည့် ဘာသာစကားအတွက် စာသားများကို မှန်ကန်စွာမမြင်ရခြင်း၊ မှန်ကန်စွာရိုက်ထည့်၍ မရခြင်းတို့ကို ကြုံတွေ့ရနိုင်ပါသည်။ ဖောင့်နှင့် ကီးဘုတ်ကို သင့်လျော်သလို ထည့်သွင်းအသုံးပြုရပါမည်။